

## ရဲစကိုင်း

# ပြုံးရုံပြုံးပါ


စိတ်ကူးချိုချို

mgyoe.com

mgyoe.com

# ပြုံးရုံပြုံးပါ

ရဲစကိုင်း



YST0001
600.00 KS

mgyoe.com

mgyoe.com

စာမူခွင့်ပြုချက် ၁၀၇၃/၂၀၀၁ (၁၀)
မျက်နှာဖုံးခွင့်ပြုချက် ၁၀၉၆/၂၀၀၁ (၁၂)

မျက်နှာဖုံးဒီဇိုင်း ထက်မိုး၊ m s o
စာအုပ်ချုပ် ကိုမြင့်
ပုံနှိပ်သူ ဦးထွန်းထွန်းဦး
အင်ကြင်းဦးပုံနှိပ်တိုက်
တက္ကသိုလ်ရိပ်သာလမ်း၊ ရန်ကုန်။
ထုတ်ဝေသူ ဦးထွန်းလှိုင်
ချစ်စရာစာပေ
၇၅၊ ဝေပုလ ၂-လမ်း၊
မြောက်ဥက္ကလာပ၊ ရန်ကုန်။

ပုံနှိပ်ခြင်း ပဌမအကြိမ်
အုပ်ရေ ၁၀၀၀
ထုတ်ဝေသည့်ကာလ မတ်လ၊ ၂၀၀၂
တန်ဖိုး ၆၀၀ ကျပ်

mgyoe.com

mgyoe.com

[ ၁ ]

## အချစ်အတွက်ဆိုရင်

"အချစ်နဲ့ပတ်သက်လာရင် ဘာပဲလုပ်ရ လုပ်ရ။ ဘာမဆိုရင်ဆိုင်ရဲတယ်။ အရာရာစွန့်လွှတ်ရဲတယ်။ ဘယ်အရာမှလာပြီး တားဆီးလို့မရဘူး"

"ကဲပါ . . ယုံပါပြီရှင်ရယ်။ ဒီညနေ ချိန်းထားတာ လာဖို့မမေ့နဲ့နော်"

"စိတ်ချ . . စိတ်ချ . . ဖဲဝိုင်းမလုပ်ဖြစ်ရင် လာခဲ့မယ်။ ဆက်ဆက်စောင့်နေ"

mgyoe.com

mgyoe.com

[ ၂ ]

## အော်နေသူအတွက်

"မေမေ သမီးကို တစ်ဆယ်လောက်ပေးစမ်းပါ။ အိမ်ရှေ့မှာ အော်ဟစ်နေတဲ့သူကို ပေးလိုက်ချင်လို့"

"ဘယ်လိုအော်ဟစ်နေလို့လဲ သမီးရဲ့"

"ဟောဒီက သကြားပြောင်းဖူး၊ တစ်ဖူးတစ်ဆယ်တဲ့"

[ ၃ ]

## ဖြေရှင်းခွင့်မပြု

"မနေ့က မင်းတို့လင်မယား ရန်ဖြစ်ကြတယ်ဆို"

"ဟုတ်တယ်ကွ။ ငါအိမ်ပြန်ရောက်တာနဲ့ သူ့မကျေနပ်ချက်တွေပြောပြီး ပေါက်ကွဲရာကစ,တာပဲ"

"မင်းက ဘယ်လိုပြန်ပြီးရှင်းပြသလဲ"

"ဘာတစ်ခွန်းမှ ပြန်ပြောခွင့်မရပါဘူးကွာ။ သူပြောလို့ အားရတာနဲ့ ပစ္စည်းတွေယူပြီး အိမ်ပေါ်က ဆင်းသွားတော့တာပဲ"

mgyoe.com

mgyoe.com


[ ၄ ]

## ရေတွက်ပုံမတူလို့

"စိတ်ဆိုးမယ်ကြံရင် တစ်ကနေ တစ်ဆယ် အထိ ရေပါလို့ သားကိုမှာထားသားနဲ့ အခုရန် ဖြစ်လာပြန်ပြီလား"

"အဲဒီလိုရေမိလို့ အထိုးခံလိုက်ရတာပေါ့ မေမေရဲ့"

"ဘာဖြစ်လို့လဲကွ"

"ဟိုကောင့်အဖေက သူ့သားကို ငါးအထိပဲ ရေခိုင်းထားတာလေ"

[ ၅ ]

## စေတနာ၏ဝေဒနာ

"ကျွန်မသားလေး ရေနစ်တုန်းက ဆင်း ဆယ်ခဲ့တာ ရှင်မဟုတ်လား"

"ဟုတ်ပါတယ်။ ဒီလိုပေါ့ဗျာ။ ကြုံကြိုက်လို့ ကူညီတာပဲဟာ။ ကျေးဇူးတင်ဖို့ မလိုပါဘူး"

"ကျေးဇူးတင်မလို့ မဟုတ်ဘူးရှင့်။ သူ့လက် က ဟန်းချိန်းပါမလာလို့"

mgyoe.com

mgyoe.com

[ ၆ ]

## ထီးတစ်လက်၏ သံသရာ

"အခုလာရတဲ့ကိစ္စက လွန်ခဲ့တဲ့သုံးရက်လောက်တုန်းက ခင်ဗျားငှားဆောင်းသွားတဲ့ ထီးကိုပြန်ယူချင်လို့ပါ"

"ဟောဗျာ။ သူငယ်ချင်းတစ်ယောက် မနေ့က အိမ်လည်လာရင်း ခဏငှားသွားလေရဲ့ဗျာ။ သူ့ဆီသွားတောင်းတော့ သူ့ယောက်ဖ ခဏဆောင်းသွားလို့ပါတဲ့။ အရေးကြီးလို့လား"

"ကြီးပါသော်ကောဗျာ။ ကျွန်တော်က လည်း အဲဒီထီးကို မိတ်ဆွေတစ်ယောက်ဆီက ငှားဆောင်းလာခဲ့တာ။ အခုလာတောင်းနေလို့။ သူကလည်း ဒီထီးဟာ သူ့ထီးမဟုတ်ဘူး။ သူများဆီက ခဏဆိုပြီး ငှားဆောင်းလာခဲ့တာတဲ့"

m.gyoe.com

mgyoe


[ ၉ ]

## သူ့လက်ရာ

"ဒီနေ့ချက်တဲ့ ကျွန်မလက်ရာဘယ်လိုနေလဲဟင်"

"ကောင်းတယ်ကွာ။ အီပြီးဆိမ့်နေတာပဲ"

"မဟုတ်သေးပါဘူးတော်။ ချက်နည်းပြုတ်နည်းစာအုပ်ထဲမှာ ချဉ်စပ်လို့ရေးထားတယ်"

[ ၈ ]

## အပြစ်ကတစ်ခုတည်းပါ

"မင်းဟာကားကို တစ်နာရီမိုင်တစ်ရာနှုန်းလောက်နဲ့မောင်းလာတယ်။ ပြီးတော့ညအမှောင်ထဲမှာ ကားရှေ့မီးကိုဖွင့်မမောင်းဘူး။ ယဉ်ကြောလည်းမှားလာတယ်။ ယဉ်မောင်း လိုင်စင်လည်းမပါဘူး။ မင်းအပြစ်တွေ ဒီလောက်များတာဘာပြောချင်သေးလဲ"

"ကျွန်တော်ပြောချင်တာက တစ်ခုပဲရှိပါတယ်။ အဲဒါကတော့ ဒီကားကိုခိုးလာတာပါ"

mgyoe.com

mgyoe.com



[ ၉ ]

## စည်းကမ်းရှိသူများ

"လူတွေက စည်းကမ်းမရှိကြဘူးဗျာ။ ပစ္စည်းငှားပြီး ပြန်မပေးချင်ကြဘူး။ ခင်ဗျားတို့ ပတ်ဝန်းကျင်ကော ဘယ်လိုနေသလဲဗျ"

"ကျွန်တော့်အိမ်နီးနားချင်းတွေက စည်းကမ်းရှိရှိ ပြန်ပေးပါတယ်။ မိုးတွင်းတုန်းက ငှားသွားတဲ့ထီးကို ဆောင်းတွင်းရောက်တော့ လာပြန်ပေးပြီး စောင်ပြန်ငှား သွားကြတယ်ဗျ"

mgyoe.com

mgyoe.com


[ ၁၀ ]

## သူသာအသိဆုံး

"ဒေါ်ဒေါ်ရယ် သမီးဖေဖေ ဒီညဆယ်နာရီကျော်ရင် ဆုံးတော့မယ်တဲ့ အဟင့် အဟင့်"

"တူမကြီးရယ် မဦးမချွတ် နိမိတ်မရှိတဲ့ စကားကို မပြောကောင်းဘူးကွဲ့။ အခုမှ နေ့ခင်း တစ်နာရီရှိသေးတာ။ ကုသိုလ်ကံဆိုတာ ဘယ်သူ ပြောနိုင်တာမှတ်လို့"

"သေချာပါတယ် ဒေါ်ဒေါ်ရယ်။ ဆရာဝန် ကိုယ်တိုင်ပြောသွားတာပဲဟာ။ သူက ကျိန်းသေ ပြောနိုင်မှာပေါ့"

[ ၁၁ ]

## ရှက်လို့

"ဒီနေ့ အရှက်ပြိုင်ပွဲကျင်းပတာ သမီး ပထမရတယ်မေမေ"

"ဟုတ်လား။ ဘာပစ္စည်းတွေ ဆုချသလဲ သမီး"

"မသိဘူးမေမေ။ ရှက်တာနဲ့ ဆုတက်မယူ ခဲ့ဘူး"

mgyoe.com

mgyoe.com

[ ၁၂ ]

## ဈေးဆစ်ပါရစေ

"စိတ်ဆိုးတိုင်း သေကွဲကွဲတာပဲကောင်းတယ်လို့ပြောရအောင် မင်းက ငါနဲ့သေကွဲ ကွဲချင်လို့လား"

"ကွဲချင်တယ်"

"ကိုင်း ဒါဖြင့် ဒီမှာဓားနဲ့ ငါ့ကိုထိုးသတ်လိုက်။ သတ်ခအဖြစ် မင်းကိုငွေတစ်သောင်းတောင်မှ ထပ်ပြီးပေးလိုက်ဦးမယ်"

"ဟွန့် ဒီလိုလုပ်မယ်လေ။ ရှင့်ကိုသေအောင်တော့ မသတ်ရဲဘူး။ ဒဏ်ရာလောက်ပဲရစေမယ်။ ကျွန်မကို ငါးထောင်လက်ငင်းပေးမလား"

mgyoe.com

mgyoe.com


[ ၁၃ ]

## ပိုကောင်းအောင်လို့

"မင်းကဘာဖြစ်လို့ ငါမှာတဲ့အတိုင်း မပြောပဲ မင်း ပြောချင်သလို ပြောခဲ့ရတာလဲ"

"ပိုကောင်းမယ်ထင်လို့ပါဆရာ"

"ဒါဆိုငါက လက်ဆောင်အဖြစ် ခွေးတစ်ကောင် အပို့ခိုင်းလိုက်မယ်ဆိုရင် ပိုကောင်းအောင်လို့ မင်းကိုယ်တိုင်နေခဲ့မှာလားကွာ"

[ ၁၄ ]

## နှုပျိုတယ်ဆိုတော့

"ဒီစပို့ရှပ်လေးဝတ်လိုက်ရင် ကျုပ်ကို ဆယ်နှစ်လောက် ငယ်သွားတယ်လို့ ပြောကြတယ်"

"အခု ခင်ဗျားအသက် ဘယ်လောက်ရှိပြီလဲ"

"လေးဆယ့်သုံးနှစ်"

"ဒါဆို ဒီစပို့ရှပ်ချွတ်လိုက်ရင် ခင်ဗျားအသက် ငါးဆယ့်သုံးနှစ်ရောက်ပြီပေါ့"

mgyoe.com

mgyoe.com

[ ၁၅ ]

## မြေဝယ်မကျ

"မင်းနှယ်ကွာ။ ဘာဖြစ်လို့ ဒီလောက် သိက္ခာမဲ့တဲ့လုပ်ရပ်ကို ကျူးလွန်ရတာလဲ"

"ဆရာပဲပြောထားသားနဲ့။ ငါ့ခြေရာ အတိုင်း တစ်ထပ်တည်းကျအောင် လုပ်ရမယ် ဆို"

[ ၁၆ ]

## ကွဲပြားခြားနားမှု

"ကြောက်ရွံ့ခြင်းနဲ့ စိုးရိမ်ခြင်းဆိုတာ ဘယ် လိုကွာ ခြားသလဲဆရာ"

"ကိစ္စတစ်ရပ်ကို ဆောင်ရွက်တဲ့နေရာမှာ တခြားသူတွေအနေနဲ့ တွေ့ဝေနေမယ်ဆိုရင် ကြောက်ရွံ့တယ်လို့ ခေါ်တယ်။ ငါ့အနေနဲ့ တွေ့ ဝေတာကိုတော့ စိုးရိမ်တာ"

mgyoe.com

mgyoe.com

[ ၁၄ ]

## နားလည်မှုလွဲချော်ခြင်း

"ဘယ့်နှယ်လဲ။ ဒီနေ့နေလို့ထိုင်လို့ကောင်းရဲ့လားဗျာ"

"ကောင်းတယ်ဒေါက်တာ"

"ကျွန်တော်မှာတဲ့အတိုင်း အစာမစားမီ တစ်နာရီလောက်ကြိုတင်ပြီး ရေနွေးသောက်ရမယ်ဆိုတာ သောက်ဖြစ်ရဲ့လား"

"သောက်ဖြစ်တယ်ဒေါက်တာ။ ဒါပေမယ့် တစ်နာရီ လုံးလုံးတော့ မသောက်ဖြစ်ဘူး။ ဆယ်မိနစ်သောက်ရင်ပဲ ဗိုက်ကားလာတာနဲ့ ရပ်ထားလိုက်ရတယ်"



mgyoe.com

mgyoe.com

[ ၁၈ ]

## ရောဂါဟောင်း

ဆေးကျောင်းဆင်းစ ဆရာဝန် တစ်ယောက်သည် သူ့ဆေးခန်းသို့ ပထမဆုံးရောက်လာသည့် လူနာကိုစမ်းသပ်ရင်း ရောဂါရှာမရသဖြင့် ချွေးပြန်လာသည်။ ထို့နောက် အကြံတစ်ခုရပြီး လူနာကိုမေးလိုက်သည်။

"ခင်ဗျားအရင်က ဒီရောဂါဖြစ်ဖူးလား"

"ဟုတ်ကဲ့ လွန်ခဲ့တဲ့သုံးနှစ်လောက်က ဖြစ်ဖူးပါတယ်"

"ဟုတ်ပြီ ဒါဆိုရင် အဲဒီရောဂါပြန်ထတာပဲ"

mgyoe.com

[ ၁၉ ]

## သတင်းထောက်လက်သစ်

"မင်းကိုမနေ့က မင်းသမီးရဲ့မွေးနေ့ ညစ်ခံပွဲအကြောင်းသတင်းယူခိုင်းလိုက်တာ တစ်နေကုန်ပြန်ပေါ်မလာဘူး။ ဘာဖြစ်လို့လဲ"

"ဒီလိုပါ အယ်ဒီတာကြီးရယ်။ မွေးနေ့ ညစ်ခံပွဲကျင်းပမယ့် ဟိုတယ်ကိုအသွားမှာ ကားချင်းတိုက်မိပြီး မင်း သမီးဆေးရုံတင်လိုက်ရတယ်။ အဲဒါညစ်ခံပွဲမကျင်းပဖြစ်တော့တဲ့အတွက် ဘာသတင်းမှ ယူစရာမရှိတော့လို့ တိုက်ကိုပြန်မလာတာပါ"

[ ၂၀ ]

## ကြွားစရာလဲမဟုတ်ပဲ

"ဟော့ကောင် မင်းသိရဲ့လား။ ငါ့အဖေက ဂျာနယ်ပိုင်ရှင်ကြီးကွ"

"ဂျာနယ်တစ်စောင်မှ အစိတ်သုံးဆယ်ရတာများ လာကြွားနေပြန်ပြီ"

mgyoe.com

mgyoe.com

[ ၂၁ ]

## ဘာမှမပြောချင်လို့ပါ

"မောင်မင်းအနေနဲ့ ဘာပြောချင်သေးလဲ"

"ကျွန်တော်မျိုးကြီး ဘာပြောရတော့မှာလဲ ့တရားသူကြီးမင်းခင်ဗျား။ သူ့အခန်းထဲ ဝင်ခိုး တုန်းက တရားလိုဟာ အိပ်ပျော်နေတာပါ။ အခု ကျတော့ သူ့အိမ်ထဲဝင်ခိုးတာ သေသေချာချာ မြင်ပါတယ်လို့ ထွက်ဆိုနေပါတယ်"

[ ၂၂ ]

## မှတ်ကရောကွာ

"ခုနက စတိတ်ရှိုးပေါ်မှာ အသံပြဲကြီးနဲ့ ကုန်းအော်ပြီး ဟဲဗီးသီချင်းဆိုသွားတာ မောင် ရင်လေးလားကွဲ"

"ဟုတ်ပါတယ်ဒေါ်ဒေါ်၊ ကျွန်တော်က တက်သစ်စ ဟဲဗီးအဆိုတော်ပါ"

"ဒါဆိုတဆိတ်လောက် ကူညီပါကွယ်။ ပွဲခင်းထဲက ဒေါ်ဒေါ့်ယောကျ်ားနဲ့ လူချင်း ကွဲသွားလို့ ခပ်ကျယ်ကျယ် အော်ခေါ်ပေးစမ်း ပါ။ သူက နားလေးတယ်ကွဲ့"

mgyoe.com

mgyoe.com




[ ၂၉ ]

## ကြိုက်သလိုလုပ်နိုင်သူ

"သူက အယ်ဒီတာချုပ်ဆိုတော့ စာမျက်နှာတွေ ကြိုက်သလိုသုံးနိုင်တာပေါ့။ အခုသတင်းကဏ္ဍမှာ ရေးထားတာကိုပဲ ကြည့်လေကွာ"

"ဘာတွေရေးထားလို့လဲ"

"စာမျက်နှာနေရာ အခက်အခဲကြောင့် သတင်းအပြည့်အစုံ မဖော်ပြနိုင်သည့်အတွက် အယ်ဒီတာချုပ်၏ဇနီး မျက်နှာမြင်မည့်နေ့ရက်ကိုရွှေ့ပြောင်းလိုက်ကြောင်းတဲ့"

mgyoe.com

mgyoe.com

[ ၂၄ ]

## အလှစစ်ရှာဖွေခြင်း

"ဒီကောင်ယူမယ့် အမျိုးသမီးကတော်တော် လှတယ်ကွ"

"ဟေ့ကောင်ရယ်၊ လှတယ်ဆိုတာ အရေပြားတစ်ထောက်ပါကွာ"

"ဒါဆို မင်းတို့မိန်းမယူရင် အရေပြားခွာကြည့်ရမှာလား"

[ ၂၅ ]

## ငြင်းခုံမှု၏ဇာစ်မြစ်

"မင်းတို့လင်မယား ဒီလောက်တောင် ရန်ဖြစ်ရအောင် လူကြီးတွေမရှိကြဘူးလား"

"ဟင့်အင်း မရှိပါဘူး"

"ဒါဖြင့် မင်းတို့နှစ်ယောက်မှာ ဘယ်သူကအကြီးလဲကွ"

"အဲဒါကို ငြင်းကြရင်း ရန်ဖြစ်ကြတာပါပဲခင်ဗျား"

mgyoe.com

mgyoe.com

[ ၂၆ ]

## တကယ့်ရှေ့နေ

"ခွေးတစ်ကောင်က ပစ္စည်းတစ်စုံတစ်ခုကို ပျက်စီးစေရင် ခွေးပိုင်ရှင်မှာ တာဝန်ရှိပါသလား ရှေ့နေကြီး"

"သိပ်ရှိတာပေါ့ဗျာ။ ခွေးလုပ်သမျှ ခွေးရှင်ရဲ့ တာဝန်ပဲပေါ့"

"ဒါဖြင့် ရှေ့နေကြီးရဲ့ခွေးက ကျွန်တော် ဝယ်လာတဲ့ ခေါက်ဆွဲကြော်ထုပ်ကို ကိုက်ချီပြီး ထွက်ပြေးသွားပါတယ်။ အဲဒါ ကျေးဇူးပြုပြီး ငွေ နှစ်ရာ မ,စပါ"

"ရပါတယ်လေ။ အခုကိစ္စအတွက် တိုင်ပင် ဆွေးနွေးခ ငါးရာကျတာမို့ ခေါက်ဆွဲကျော်ဖိုး နှစ်ရာနုတ်ပြီး ကျုပ်ကိုငွေသုံးရာထပ်ပေး။ ဒါဆို ရှင်းရောပေါ့"

mgyoe.com

mgyoe.com

[ ၂၄ ]

## အခုမှပဲသိတော့တယ်

"ကိုင်း အမှုကတော့ ကွင်းလုံးကျွတ်လွတ်လာပြီ ကျုပ်ကို အမှန်အတိုင်းပြောပြစမ်းပါ။ အများပိုင်ငွေတွေ အမှန်တကယ် အလွဲသုံးစားလုပ်ခဲ့မိသလားဆိုတာကို"

"ဟင်း. . . တရားခွင်မှာ ရှေ့နေကြီးရဲ့ လျှောက်လဲချက်တွေ ကြားမိတော့မှ ကျွန်တော် ကျူးလွန်ခဲ့မိတာ အလွဲသုံးစားမှု မဟုတ်မှန်းသိရတော့တယ်"

[ ၂၈ ]

## ဘာအတွက်ပါလိမ့်နော်

"ငါ့အစ်ကိုတော့ တော်တော်ကံကောင်းတယ်ကွာ။ မြို့ပေါ်က နာမည်အကြီးဆုံး ဆရာမနဲ့ ညားသွားပြီကွ"

"ဒါဆို ရောဂါဖြစ်ရင် ကုသဖို့အတွက် ဟန်ကျပြီပေါ့"

"ငါ့အစ်ကိုက ရောဂါကုချင်လို့ ဆရာဝန်မကိုယူတာမှမဟုတ်ပဲ"

mgyoe.com

mgyoe.com




[ ၂၉ ]

## သိနားလည်သူမို့

“မင်းတို့အုပ်စုထဲမှာ စန္ဒရားအကြောင်း သိနေတဲ့ သူပါသလားကွ”

“ဟုတ်ကဲ့။ ပါပါတယ်။ ကျွန်တော်စန္ဒရား တီးတတ်ပါတယ်။ စန္ဒရားအကြောင်းကောင်း ကောင်း သိပါတယ်”

“ဒါဆို ဟောဒီစန္ဒရားကို ကားပေါ်တင်တဲ့ အခါ မင်းကဦးဆောင်ပြီး ဂရုတစိုက်နဲ့ တင်ပေး စမ်းပါကွာ”




mgyoe.com

mgyoe.com


[ ၃၀ ]

## အပူကိုယ်စားလှယ်

"အခုတလော ကျုပ်မှာပူပင်သောကတွေ များလွန်းလို့ ကျုပ်အစားပူပန်ပေးမယ့် သူရှိရင် ငွေတစ်သိန်းပေးလိုက်ချင်ရဲ့ဗျာ"

"ကိုင်း ဒါဆိုကျုပ်ပူပေးပါမယ့်။ ငွေတစ်သိန်းသာမစပါ"

"အဲဒါ ပထမဦးဆုံး ခင်ဗျားပူရမယ့် အပူပေါ့"

[ ၃၁ ]

## ဗုဒ္ဓေါ ကယ်တော်မူပါ

"ကျွန်မရဲ့ ဓာတ်မှန်ကိုကြည့်ပြီးတော့ ဘာတွေစဉ်းစားနေတာလဲ ဆရာဝန်ကြီးရဲ့"

"ခင်ဗျားကိုယ်ထဲမှာ ကျောက်ကပ်နှစ်ခုလုံး ရှိသေးတယ်ဆိုတော့ ခွဲစိတ်တုန်းက ထုတ်ယူခဲ့မိတာ ဘာများဖြစ်မလဲလို့ စဉ်းစားနေတာပါ"

mgyoe.com

mgyoe.com


[ ၃၂ ]

## အိုဘယ့်စာရေးဆရာ

"စာအုပ်တောင်မထွက်သေးဘူး။ အရက်ဖြတ်နည်းစာမူအတွက် ငွေလာတောင်းတယ် ဆိုတော့ ဘာတွေများ အရေးတကြီးသုံးစရာ ရှိလို့လဲကွ"

"အရက်သောက်ဖို့ ဘိုင်ကျနေလို့ပါ"

[ ၃၃ ]

## သဘောပေါက်ပါတယ်နော်

"အမှုကိုရင်မဆိုင်ရသေးခင်မှာ ကျွန်တော့်ကိုတော့ အမှန်တိုင်းပြောထားမှ ဖြစ်လိမ့်မယ်။ ဒီအမှုကို ခင်ဗျားအမှန်တကယ် ကျူးလွန်ခဲ့မိသလားဗျ"

"ရော ခက်ပြီရှေ့နေကြီးရယ်။ အမှုအတွက် ကြေးကြီးကြီးပေးပြီး ရှေ့နေငှားကတည်းက သဘောပေါက်ဖို့ သင့်ပါတယ်ဗျာ"

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

[ ၃၄ ]

## ဥစ္စာနေပြန်သွားပြီ

"ဟောဒီခွက်ထဲက ကျောက်ခဲလေးတွေ ဘယ်ရောက်ကုန်ပြီလဲ"

"ဩြော် အဲဒါကျောက်ခဲလေးတွေလား။ ကျွန်တော်က သောက်ရမယ့်ဆေးတွေ မှတ်လို့ သောက်လိုက်မိပြီ ဆရာမ"

"ဟောတော်. . . ဒုက္ခပါပဲ။ အဲဒါ ရှင်သတိရလာရင်ပြဖို့ထားတာ ရှင့်ဆီးအိမ်ထဲက ခွဲထုတ်ထားတဲ့ဟာတွေရှင့်"

mgyoe.com

mgyoe.com


[ ၃၅ ]

## ကနည်းအသစ်

"ခုနတုန်းက စတိတ်ရှိုးကဏ္ဍမှာ မင်းက သွားတဲ့ ဟမ်းမားအကကို ပရိသတ်တော်တော် သဘောကျတယ်ကွ။ ဘယ်တုန်းက သင်လိုက်တာလဲ"

"အဲဒါ ဟမ်းမားဆွဲနေတာမဟုတ်ဘူး။ သီချင်းဆိုနေတုန်း အတွင်းခံဘောင်းဘီကြိုး ပြတ်သွားလို့ လက်နဲ့ဖိပြီးခုန်နေတာပါ"

[ ၃၆ ]

## ဘယ်သူပါလိမ့်

"ငါ့ရည်းစားဆီ ဒီညနေသွားတော့ သူ့အမေက ငါ့ကိုခေါ်ပြီး လက်ထပ်ဖို့ ဘယ်လိုစီစဉ်မလဲလို့ မေးလိုက်တယ်ကွ"

"ဟာ ဒါဆို အခြေအနေကောင်းတာပေါ့"

"ဒါပေမယ့် ငါ့ရည်းစားက အိမ်ပေါ်ထပ်က အပြေးဆင်းလာပြီးတော့ မေမေ သမီးပြောတာ ဒီလူမဟုတ်ဘူးတဲ့"

mgyoe.com

mgyoe

[ ၃၇ ]

## သူ့တိုက်ခန်းမဟုတ်လို့

"ကျွန်တော်တို့ သူငယ်ချင်းငါးယောက် ဒီနေ့လမ်းမှာတွေ့တဲ့ အဘွားအိုတစ်ယောက်ကို လေးထပ်တိုက် အပေါ်ဆုံးအခန်းရောက်အောင် ကူညီပြီးတွဲပို့ခဲ့ပါတယ်ဆရာ"

"သာဓုကွယ် သာဓု။ သက်ကြီးရွယ်အိုတွေကိုကူညီတာ ကုသိုလ်ရတယ်ကွဲ့။ ဒါထက် အဘွားအိုတစ်ယောက်ထဲကို မင်းတို့ငါးယောက်က တွဲပို့ရအောင်သူက လမ်းမလျှောက်နိုင်လို့လား"

"မဟုတ်ဘူးဆရာ။ သူကတိုက်ပေါ်မတက်ချင်ဘူးဆိုပြီး ရုန်းကန်နေလို့ပါ"

[ ၃၈ ]

## ရပ်မပေးနိုင်ပါ

"ဗျို့ ကားဆရာခဏရပ်ပါဦး။ နောက်က တွယ်စီးတဲ့ လူတစ်ယောက် ပြုတ်ကျကျန်ရစ်ခဲ့လို့"

"ကိစ္စမရှိဘူး သူ့ဆီက ကားခရပြီးသားပါ"

mgyoe.com

mgyoe.com


[ ၃၉ ]

## ရှိုး–ဟိုး–ဟိုး နေပြီ

"သားရယ် စကားပြောရင် ကျိန်ပြီးမပြောစမ်းပါနဲ့။ ဒီအကျင့်ကို မေမေမကြိုက်ဘူး"

"ဟင် သားသူငယ်ချင်းကပြောတော့ ကျိန်ပြောတယ်ဆိုတာအလကားပဲ။ ဘာမှမဖြစ်နိုင်ဘူးတဲ့။ သူ့အဖေဆိုရင်နေ့တိုင်း ကျိန်တာတွေကြားရလို့ ရိုးနေပြီတဲ့"

"သူ့အဖေက ဘာလုပ်လဲ"

"တရားသူကြီး"

[ ၄၀ ]

## အလုပ်ကဘယ်ဆီမှာနေ

"အန်ကယ်ရေ- ကျွန်တော့်ကို ငွေငါးရာလောက်ခဏချေးပါ။ လခထုတ်တော့ ပြန်ပေးပါ့မယ်"

"အေးကွာရပါတယ်။ ဒါထက်မင်းက အခုဘယ်မှာ အလုပ်လုပ်နေတာလဲကွ"

"ကျွန်တော်အလုပ်လျှောက်ထားတုန်းပါ အန်ကယ်"

mgyoe.com

[ ၄၀ ]

## ဒါပဲတတ်တယ်

"ခင်ဗျားတို့ဆပ်ကပ်အဖွဲ့ထဲမှာ ကျားနဲ့ အသည်း တယားယားဖြစ်အောင်ကစားပြနိုင်တဲ့သူ ရှိသလားဗျ"

"ဟုတ်ကဲ့ ကျွန်တော့်ဆရာ ကစားပြနိုင်ပါတယ်။ ကျွန်တော်က ကျားကိုသွားတိုက်ပေးရတယ်။ ရေချိုးပေးရတယ်။ အစာခွံ့ရတယ်။ သူဒေါသဖြစ်ရင် ချော့သိပ်ရတယ်။ ဒါလောက်ပဲ လုပ်တတ်ပါတယ်"



mgyoe.com

mgyoe.com


[ ၄၂ ]

## မောင့်အချစ်က ပိုပါတယ်

"ရှင်က ကျွန်မထက် အရက်ကို ပိုချစ်တယ် ပေါ့လေ။ ပြောစမ်း"

"မိန်းမရယ်။ မင်းကိုတစ်ရက်မှာ နှစ်ဆယ့်လေးနာရီလုံးလုံး ချစ်တာပါ။ အရက်ကိုတော့ တစ်နေ့မှ တစ်ပုလင်းတည်းချစ်တာ"

[ ၄၃ ]

## အားလုံးရှိတယ်

"မင်းတို့စာအုပ်ဆိုင်မှာ စာအုပ်တွေတော်တော်စုံပေမယ့် ငါလိုချင်တဲ့စာအုပ်တော့ မတွေ့မိပါလား"

"ရှိပါတယ်ဆရာ ကျွန်တော်တို့က အပြာစာအုပ်ဆိုရင် ဝှက်ထားလို့ပါ"

mgyoe.com

mgyoe





## [ ၄၄ ]

## မှားပါတယ်

"မွေးနေ့လက်ဆောင်အဖြစ် ကိုကိုဝယ်ပေးတဲ့ သာလိကာလေးဘယ်လိုလဲဟင်"

"ကောင်းတယ်ကိုကို ကြော်စားလိုက်တာ ချိုပြီးမွှေးနေတာပဲ"

"ဟာကွာ သူက ဘာသာစကားခြောက်မျိုးတောင် ပြောတတ်တာကွ"

mgyoe.com

mgyoe.com


[ ၄၅ ]

## ဘယ်သူ့လက်ချက်လဲ

"ဟိုတစ်နေ့က သင်္ဘောပေါ်ကနေ ရေထဲကို ဒိုင်ဗင်ထိုးချတာ အံ့ဩစရာတော်တော်ကောင်းတယ်။ ပြိုင်ပွဲဝင်ဖို့ လေ့ကျင့်နေတာလား"

"ဟင့်အင်း။ ငါလည်း အံ့ဩနေတာပဲ။ ဘယ်သူများ ငါ့ကို တွန်းချလိုက်သလဲလို့"

[ ၄၆ ]

## ကူညီစေချင်တာက

"ဟဲလို ဟဲလို ကျွန်မကိုကူညီပါရှင်"

"ဟုတ်ကဲ့။ ဘယ်လိုကူညီပေးရမလဲခင်ဗျာ"

"ဒီလိုပါရှင် ကျွန်မခြံဝင်းထဲကို လူနှစ်ယောက်ဝင်လာနေပါတယ်။ အဲဒါတစ်ယောက်ကို ထွက်သွားအောင် လုပ်ပေးစမ်းပါ"

mgyoe.com

[ ၄၇ ]

## အံဝင်ခွင်ကျအလုပ်

"ငါတို့ကုမ္ပဏီမှာ အလုပ်လာလျှောက်တယ်ဆိုတော့ မင်းရဲ့ပညာအရည်အချင်းတွေ ပြောစမ်းပါဦး"

"ကျွန်တော် ကွန်ပျူတာလည်း ကျွမ်းကျင်ပါတယ်။ စာရင်းကိုင် ဒီပလိုမာလည်း ရပြီးပါပြီ။ ဘာသာစကားလေးမျိုးကို ကျွမ်းကျွမ်းကျင်ကျင် ပြောနိုင်ပါတယ်"

ကောင်းပြီ မင်းကို အလုပ်ခန့်လိုက်ပြီ။ ဟောဟို ကြက်တူရွေးကို စကားပြောသင်ပေးပါ"

[ ၄၈ ]

## ဖေဖေ့ဩဝါဒ

"လက်ရေးညံ့လိုက်တာကွာ။ မင်းအိမ်က ဝိုင်းဝန်းပြီး သင်ပြပေးမယ့်သူ မရှိဘူးလား"

"ရှိပါတယ်ဆရာ။ ဖေဖေကပြောတယ်။ လက်ရေးညံ့လို့ ဘယ်သူမှ မဖတ်တတ်လဲ နေပလေ့စေတဲ့။ မင်းကို ဆရာဝန်အလုပ်ခိုင်းမှာတဲ့"

mgyoe.com